**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**

စာအမှတ်၊ SSE/NM/ ၀၁၀ / ၂၀၂၁

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်

အကြောင်းအရာ။ **ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်ကိစ္စ။**

ရည်ညွှန်းချက် ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၄.၅.၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ပဆ-၂/ရက(MPA)မုန်တိုင်း(၅/၁၇၂)

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်၊ မေလ (၂၄) ရက်နေ့ မြန်မာစံတော်ချိန် နံနက် (၀၄:၀၀)နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသော မုန်တိုင်းငယ် (Deep Depression) သည် ကိုကိုးကျွန်း၏အနောက်မြောက်ဘက် ရေမိုင် (၂၅၀) မိုင်ခန့်၊ ပုသိမ်မြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် (၂၉၀) မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အဝါရောင်အဆင့်သတ်မှတ်ထားပါကြောင်း၊ အားကောင်းသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် နောက်(၄၈)နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်ကာ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်နိုင်ပြီး လှိုင်းကြီးနိုင်ပါကြောင်း၊ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် (၄၀)အထိ တိုက်ခိုက်နိုင်ပြီး လှိုင်းအမြင့်မှာ (၉) ပေမှ (၁၃) ပေခန့်အထိ ရှိနိုင်ကြောင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အားကောင်းသော မုန်တိုင်းငယ် သတိပေးချက်ကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ရေယာဉ် ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ကမ်းရိုးတန်းသွား ရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွားလှေများနှင့် စက်တပ်သမ္ဗာန်များ

ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည်များဆောင်ရွက်နိုင်ရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)